**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

ဖုန်း- ၀၆၇ ၃၄၃၀၅၄၈၊ ၀၆၇ ၃၄၃၀၁၉၀၊ အီးမေးလ် - mfi@frd.gov.mm

စာအမှတ်၊ ကက - ၁ / ၆ (၇၂၁ / ၂၀၂၀ )

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂ ရက်

အကြောင်းအရာ။ **COVID-19 ရောဂါကြောင့် လုပ်ငန်းများပုံမှန် မဆောင်ရွက်နိုင်စဉ်ကာလအတွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ယာယီပြင်ဆင် သတ်မှတ်သည့် ချေးငွေ အတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားချက်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ ဆက်လက် ကျင့်သုံး လိုက်နာရေး**

ရည်ညွှန်းချက် ။ (၁) Coronavirus Disease 2019(COVID-19)ကာကွယ်၊ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်စွဲပါ ကြေညာချက်

(၂) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏၂၉-၄-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ကက-၁/၆(၃၁၈/၂၀၂၀)

၁။ Coronavirus Disease 2019(COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ် ဆောင်ရွက်ရန် လိုအပ်သဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ် တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ( ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များ မပါ ) အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားပါကြောင်း Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ရည်ညွှန်း(၁)ပါစာဖြင့် ထုတ်ပြန်ကြေညာထားပါသည်။

၂။ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်သည့် ကာလအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ခဲ့သည့် COVID-19 ကာလအတွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များအား ဆက်လက်ကျင့်သုံး လိုက်နာရန်လိုအပ်မည် ဖြစ်ပါသည်။

၃။ COVID-19 ရောဂါကြောင့် လုပ်ငန်းများပုံမှန် မဆောင်ရွက်နိုင်စဉ်ကာလအတွင်း ချေးငွေပြန်လည်ကောက်ခံမှု နှောင့်နှေးခြင်းကြောင့် ဖြစ်ပေါ်လာသော ချေးငွေပေးဆပ်မှု နောက်ကျခြင်းနှင့် ပတ်သက်၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အမှတ်၊

(၅/၂၀၁၆)တွင် သတ်မှတ်ထားသည့် ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားချက်များကို ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ လိုက်နာဆောင်ရွက်ရန်နှင့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံရန်ကျန်ရှိသော ချေးငွေ လက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှုလျာထားရာတွင် ချေးငွေလက်ကျန်ပမာဏ၏ ၁% လျာထားဆောင်ရွက်ခြင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ လိုက်နာဆောင်ရွက်ရန် ရည်ညွှန်း(၂)ပါစာဖြင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ အကြောင်းကြားထားပြီးဖြစ်ပါသည်။

၄။ ယခုအချိန်တွင် COVID-19 ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်သဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ခြင်း မရှိမီ ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှုလျာထားခြင်းကို ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက်ခြင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှ ဒီဇင်ဘာလကုန်အထိ တိုးမြှင့်သတ်မှတ်ကြောင်း အကြောင်းကြားပါသည်။

၅။ အထက်အပိုဒ်(၄)ပါ ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားချက် ယာယီပြင်ဆင်သတ်မှတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ချက်များအား ခွင့်ပြုကာလကုန်ဆုံးချိန်တွင် မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်းကူညီမှုအသင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သက်ဆိုင်သူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ဥက္ကဌ(ကိုယ်စား)
(ဇော်နိုင်၊ အတွင်းရေးမှူး)

**ဖြန့်ဝေခြင်း**

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များအားလုံး
- ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

(သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်၊)

- ညွှန်ကြားရေးမှူး၊အထက်မြန်မာပြည်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
- ဦးစီးမှူးများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းကူညီမှုအသင်း
- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာ